# အိန္ဒိယနိုင်ငံဆိုင်ရာအချက်အလက်များ

**ပထဝီအနေအထား**

၁။ အိန္ဒိယနိုင်ငံသည် တောင်အာရှတွင် တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံ၏အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၁,၂၆၉,၃၄၆စတုရန်းကီလိုမီတာရှိပြီး ကမ္ဘာပေါ်တွင် အကျယ်အဝန်းအားဖြင့် သတ္တမမြောက် အကြီးဆုံး၊ ဒုတိယမြောက် လူဦးရေအများဆုံးနှင့် ဒီမိုကရေစီနိုင်ငံများတွင် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ ၂၀၁၅ခုနှစ် စစ်တမ်းအရ အိန္ဒိယနိုင်ငံ၏ လက်ရှိလူဦးရေမှာ ၁,၂၇၆,၂၆၇,၀၀၀ဦးဖြစ်သည်။ အနောက်ဘက်တွင် အာရပ်ပင်လယ်၊ တောင်ဘက်တွင် အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့က ဝန်းရံထားပြီး အိန္ဒိယတွင် ကမ်းရိုးတန်းအရှည်မိုင်ပေါင်း ၄၆၇၁မိုင်(၇၅၁၇ ကီလိုမီတာ)မျှရှိသည်။ အိမ်နီးချင်းနိုင်ငံများအနေနှင့် အနောက်ဘက်တွင် ပါကစ္စတန်နိုင်ငံ၊ အရှေ့မြောက်ဘက်တွင် တရုတ်၊ နီပေါနိုင်ငံနှင့် ဘူတန်နိုင်ငံ၊ အရှေ့ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ရှိကြသည်။ အိန္ဒိယသမုဒ္ဒရာထဲရှိနိုင်ငံများဖြစ်သော သိရိလင်္ကာနိုင်ငံ၊ မော်လဒိုက်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့နှင့်လည်း နီးစပ်သည်။

**အိန္ဒိယနိုင်ငံပထဝီအနေအထားပြမြေပုံ**



**နောက်ခံသမိုင်း**

၂။ အိန္ဒိယဆိုသောအမည်သည် အိန္ဒု(Indus) ဟူသောအမည်မှဆင်းသက်လာပြီး ရှေးခေတ် ပါရှားစကား (Hindu)နှင့် သသ်ကရိုက်(Sanskrit) ဘာသာ Sindhu မှအရင်းခံပြီး အိန္ဒုမြစ်နှင့် ပတ်သတ်၍ ဒေသခံတို့ခေါ်ဝေါ်ကြသော သမိုင်းဝင်အမည်ဖြစ်သည်။ Hindustan သည် ပါရှား ဘာသာစကား ဟိန္ဒူတို့၏မြေဖြစ်ပြီး သမိုင်းတလျှောက်တွင် အိန္ဒိယမြောက်ပိုင်းကိုရည်ညွှန်းပြီး အိန္ဒိယတစ်နိုင်ငံလုံးကိုလည်း တစ်ခါတစ်ရံအမည်ကွဲအနေဖြင့် ညွှန်းဆိုကြသည်။

၃။ မဒရာပရာဒစ်(Madhya Pradesh) ရှိဘင်ဘက်ကာ (Bhimbetka) ကျောက်ဂူများတွင် တွေ့ရသော နံရံဆေးရေးပန်းချီများသည် အိန္ဒိယတွင် အစောဆုံးလူသားတို့ ချန်ထားခဲ့သော လက်စလက်နများဖြစ်သည်။ ပထမဆုံးလူသားတို့၏ အခြေချနေထိုင်မှုမှာ လွန်ခဲ့သောနှစ်ပေါင်း ၉၀၀၀ ကျော်မှစ၍ဖြစ်ပြီး တဖြည်းဖြည်းနှင့် အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုလူ့အဖွဲ့အစည်းအဖြစ် ပြောင်းလဲတိုးတက်လာခဲ့သည်မှာ အနောက်အိန္ဒိယတွင် ဘီစီ၃၃၀၀ကျော်ထိဖြစ်သည်။ နောက်ပိုင်း မှာ ဟိန္ဒူဘာသာ၏အုတ်မြစ်နှင့် အခြားအစောပိုင်းအိန္ဒိယလူ့အဖွဲ့အစည်း၏ အုတ်မြစ်များကို ချပေးခဲ့သော ဗီဒစ်အချိန်ကာလ (Vedic period) ဖြစ်ပြီး ဘီစီ၅၀၀ခန့်အထိဖြစ်သည်။ ဘီစီ၅၅၀ခန့်မှစ၍ မဟာဇနပဒ (Mahajanappadas) ဟုခေါ်သော တိုင်းနိုင်ငံများနှင့် တိုင်းပြည် များ နိုင်ငံအနှံ့အပြားတွင် ထူထောင်ခဲ့ကြသည်။

၄။ ဘီစီ ၃ ရာစုနှစ်တွင် အရှေ့တောင်ပိုင်းဒေသအများစုကို စန္ဒရာဂုပတ္တမှ မောရိယအင်ပါယာ အတွင်းသို့ စုစည်းသိမ်းသွင်းခဲ့ပြီး မဟာအာသောက၏ လက်ထက်အရောက်တွင် လွန်စွာ တိုးတက်လာခဲ့သည်။ ၁၀ရာစုနှင့် ၁၂ရာစုအတွင်းတွင် အာရှအလယ်ပိုင်းမှ ကျူးကျော်တိုက်ခိုက် မှုကြောင့် မြောက်အိန္ဒိယ၏ အစိတ်အပိုင်းတော်တော်များများသည် ဒေလီဆူလတန်၏အုပ်ချုပ်မှု အောက်သို့ကျရောက်ခဲ့ပြီး နောက်ပိုင်းတွင် မဂိုအင်ပါယာလက်အောက်သို့ ကျရောက်ခဲ့သည်။ မဂိုဘုရင်များသည် ၄င်းတို့၏အင်ပါယာကို တဖြည်းဖြည်းချဲ့ထွင်ပြီး အိန္ဒိယတိုက်အစိတ်အပိုင်း ၏ တော်တော်များများကို အုပ်စိုးနိုင်ခဲ့သည်။ သို့သော် အရှေ့မြောက်အိန္ဒိယတွင်မူ အာသံမှ အာဟုမ်တိုင်းပြည်သည် ကြီးကျယ်သောဩဇာလွှမ်းမိုးမှုရှိပြီး မွန်ဂိုတို့၏နယ်ချဲ့မှုကို ခုခံ တွန်းလှန်နိုင်သော တိုင်းနိုင်ငံအချို့တွင် တစ်ခုအပါအဝင်ဖြစ်သည်။

၅။ ၁၆ရာစုမှစ၍ ပေါ်တူဂီ၊ နယ်သာလန်၊ ပြင်သစ်နှင့် အင်္ဂလန်တို့အပါအဝင် ဥရောပနိုင်ငံ အချို့မှ ကုန်သည်များအနေဖြင့် စတင်ရောက်ရှိလာခဲ့သည်၊ နောင်အခါတွင် တိုင်းနိုင်ငံများ အကြား ဆက်ဆံရေးမပြေလည်မှုအပေါ်တွင် အခွင့်ကောင်းယူ၍ နိုင်ငံအတွင်း၌ ကိုလိုနီများကို စတင်တည်ထောင်ခဲ့သည်၊ ၁၈၅၆ခုနှစ်သို့ရောက်သောအခါ အိန္ဒိယ၏အစိတ်အပိုင်းတော်တော် များများမှာ ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ၏ ထိန်းချုပ်မှုအောက်သို့ရောက်ရှိခဲ့သည်။ တစ်နှစ် အကြာတွင် တစ်နိုင်ငံလုံးရှိစစ်တပ်များနှင့် တိုင်းနိုင်ငံများမှ ထကြွပုန်ကန်ခဲ့သည်။ ထိုစစ်ပုန်ကန်မှု ကို အိန္ဒိယပထမလွတ်လပ်ရေးစစ် သို့မဟုတ် စီပွိုင်းပုန်ကန်မှု (Sepay Mutiny)ဟု ရည်ညွှန်း

ခေါ်ကြဆိုသည်။ ထိုပုန်ကန်မှုမှာ ဗြိတိသျှကုမ္ပဏီ၏ထိန်းချုပ်မှုကို စိန်ခေါ်ခဲ့သော်လည်း နောက်ဆုံးတွင်ကျရှုံးခဲ့သည်။ အကျိုးဆက်အနေဖြင့် အိန္ဒိယသည် ဗြိတိသျှဘုရင်၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှ ဗြိတိသျှအင်ပါယာ၏ ကိုလိုနီတစ်ခုဖြစ်လာခဲ့သည်။

၆။ ၂၀ ရာစု၏ ပထမပိုင်းရာစုနှစ်တစ်ဝက်တွင် အိန္ဒိယအမျိုးသားကွန်ဂရက်နှင့် အခြားနိုင်ငံရေးအဖွဲ့အစည်းများမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကို စတင်ခဲ့သည်။ ၁၉၂၀ခုနှစ် နှင့် ၁၉၃၀ခုနှစ်တို့တွင် မဟတ္တမဂန္ဒီ၏ဦးဆောင်မှုဖြင့် အဟိံသခေါ် အကြမ်းမဖက်ရေး လမ်းစဉ်အောက်တွင် သန်းပေါင်းများစွာသော ဆန္ဒပြသူတို့သည် တစ်စုတစ်ဝေးတည်းသော အာဏာဖီဆန်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသည်။ နောက်ဆုံး၌ ၁၉၄၇ ခုနှစ် ဩဂုတ်လ၁၅ရက်နေ့တွင် အိန္ဒိယသည် ဗြိတိသျှတို့၏အုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရခဲ့သည်။ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံသည် သီခြားစီလွတ်လပ်ရေးရရှိခဲ့သည်။ သို့သော် မူဆလင်အဖွဲ့တို့၏ဆန္ဒအရ ဘာသာရေးအရကွဲပြားသော အိန္ဒိယဒိုမီနီယံနှင့် ပါကစ္စတန်ဒိုမီနီယံတို့အတွက် လွတ်လပ်သောအစိုးရအဖွဲ့များဖြင့် ခွဲခြားဖွဲ့စည်းခဲ့သည်။ အိန္ဒိယနှင့် ပါကစ္စတန် ဘာသာရေးအကွဲအပြဲကြောင့် လူသန်းပေါင်းများစွာ သေဆုံးခဲ့ကြရသည်။ ၁၉၄၇တွင် အိန္ဒိယသည် သမ္မတနိုင်ငံဖြစ်လာခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် စတင်အသက်ဝင်လာခဲ့သည်။



**မဟတ္တမဂန္ဒီ(လက်ယာဘက်)နှင့် ဂျဝါဟာလာ နေရူး(၁၉၃၇)၊ နေရူးသည် ၁၉၄၇တွင် အိန္ဒိယ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။**

၇။ အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေးရသည့်အချိန်မှစ၍ ဘာသာရေးအကြမ်းဖက်မှု၊ ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားခြင်းမှဖြစ်သော အကြမ်းဖက်မှုနှင့် ပုန်ကန်ထကြွမှုတို့၏ဒုက္ခကိုနေရာအနှံ့အပြားတွင်ခံခဲ့ရသည်။ သို့သော်လည်း သည်းခံခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲခြင်းတို့မှတဆင့် ထိန်းချုပ်နိုင်ခဲ့သည်။ အကြမ်းဖက်သမားတို့၏ဝါဒသည်လည်း အိန္ဒိယ၏အဓိက လုံခြုံရေးဆိုင်ရာပြဿနာပင်ဖြစ်သည်။ ပုန်ကန်ထကြွသူများမှာ ဂျမ်မူးနှင့် ကက်ရှ်မီးယား၊ အိန္ဒိယ အရှေ့မြောက်ပိုင်းနှင့် ကျေးလက်ဒေသများတွင် အိန္ဒိယကွန်မြူနစ်တို့ဖြစ်သည်။ ၁၉၉၀နှစ်များ

မှစ၍ စနစ်တကျစီစဉ်ထားသော (အကြမ်းဖက်) တိုက်ခိုက်မှုများမှာ အိန္ဒိယ၏မြို့ကြီးအများ အပြားတွင် ဖြစ်ပွားခဲ့သည်။ အိန္ဒိယတွင် တရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့်မဖြေရှင်းနိုင်သေး သော နယ်မြေပိုင်ဆိုင်မှုပြဿနာရှိပြီး ထိုအကြောင်းကြောင့် ၁၉၆၂ခုနှစ်တွင် အိန္ဒိယတရုတ် စစ်ပွဲဖြစ်ပွားခဲ့ပြီး ပါကစ္စတန်နှင့်မူ ၁၉၄၇၊ ၁၉၆၅၊ ၁၉၇၁ နှင့် ၁၉၉၉တို့တွင် စစ်ဖြစ်ခဲ့သည်။ အိန္ဒိယသည် ဘက်မလိုက်လှုပ်ရှားမှုနှင့် ကုလသမဂ္ဂ(ဗြိတိသျှအိန္ဒိယအဖြစ်) စတင်တည်ထောင် သူများတွင်ပါဝင်သည်။ ၁၉၇၄ခုနှစ်တွင် အိန္ဒိယသည် မြေအောက်နျူကလီးယားစမ်းသပ်မှု ကိုပြုခဲ့ပြီး ၁၉၉၈ခုနှစ်တွင် နောက်ထပ်စမ်းသပ်မှု ၅ကြိမ်ပြုလုပ်ခဲ့ပြီး အိန္ဒိယကို နျူကလီးယား လက်နက်ပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေခဲ့သည်။ ၁၉၉၁ ခုနှစ်မှစတင်၍ အကြီး အကျယ်စီးပွားရေးပြောင်းလဲမှုများ ပြုလုပ်ခဲ့သဖြင့် အိန္ဒိယနိုင်ငံကို ကမ္ဘာပေါ်တွင် စီးပွားရေး တိုးတက်မှု အမြန်ဆုံးနိုင်ငံများတွင် အပါအဝင်ဖြစ်အောင် တွန်းပို့နိုင်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ ဩဇာအာဏာရှိသော နိုင်ငံတစ်နိုင်ငံဖြစ်လာစေခဲ့သည်။

**အစိုးရနှင့်နိုင်ငံရေး**

၈။ ကမ္ဘာပေါ်တွင် အရှည်ဆုံးနှင့်အသေးစိတ်အကျဆုံးသော အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ၁၉၅၀ခုနှစ်၊ ဇန်နဝါရီလ ၂၆ရက်တွင် စတင်အသက်ဝင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏အဖွင့်တွင် အိန္ဒိယနိုင်ငံအား အချုပ်အခြာအာဏာရှိသော၊ လက်တွေ့ဆန်သောဆိုရှယ်လစ် ဒီမိုကရေစီသမ္မတနိုင်ငံအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အိန္ဒိယတွင် ဝက်မင်စတာစတိုင်လ် ပါလီမန်စနစ်ကျင့်သုံးပြီး ဥပဒေပြုလွှတ်တော်၂ခုရှိသည်။ အစိုးရအဖွဲ့အစည်းမှာ ဖက်ဒရယ် ဆန်ဆန်ဖွဲ့စည်းထားပြီး ဗဟိုအစိုးရမှ ချုပ်ကိုင်မှုအားကောင်း၍ ပြည်နယ်အစိုးရများ၏ အာဏာလျော့ရဲသည်။ သို့သော် ၁၉၉၀ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ပြောင်းလဲမှုများကြောင့် ဖက်ဒရယ်စနစ်အဖြစ် တိုးတက်ပြောင်းလဲလာခဲ့သည်။

၉။ သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်၍ မဲဆန္ဒနယ်များမှ တစ်ဆင့်ခံနည်းဖြင့် ရွေးချယ်တင်မြှောက်ပြီး သက်တမ်းမှာ ၅နှစ်ဖြစ်သည်။ ဝန်ကြီးချုပ်မှာ အစိုးရအဖွဲ့၏အကြီး အကဲဖြစ်ပြီး အုပ်ချုပ်မှုဆိုင်ရာအာဏာအများစုကိုကျင့်သုံးသည်။ ဝန်ကြီးချုပ်သည် သမ္မတနှင့် ညီလာခံမှ ရွေးချယ်ခန့်အပ်သူဖြစ်ပြီး အောက်လွှတ်တော်တွင် နေရာအများစုရယူထားသော ပါတီ၊ သို့မဟုတ် နိုင်ငံရေးမဟာမိတ်အစုအဖွဲ့များမှ ထောက်ခံသူဖြစ်သည်။

၁၀။ အိန္ဒိယနိုင်ငံ၏ဥပဒေပြုအဖွဲ့အစည်းမှာ ပါလီမန်နှစ်ခုပါဝင်ပြီး အထက်လွှတ်တော်မှာ ရာဂျာဆာဘာ(နိုင်ငံတော်ကောင်စီ)ဖြစ်ပြီး အောက်လွှတ်တော်မှာ လော့ဆာဘာ(ပြည်သူ့လွှတ်တော်) ဖြစ်သည်။ ရာဂျာဆာဘာသည် အမတ်၂၄၅ယောက်ရှိသည့် အမြဲတမ်းအစုအဖွဲ့ဖြစ်ပြီး သက်တမ်း မှာ ၆နှစ်ဖြစ်သည်။ လောဲ့ဆာဘာ၏ အမတ်၅၄၅ယောက်အတွင်းမှ ၅၄၃ယောက်မှာ သီးသန့် နယ်မြေဒေသတစ်ခုစီအတွက် သက်တမ်းရှိသည်။ အခြားအမတ်၂ယောက်ကို အင်ဂလိုအင်ဒီးယန်း အသိုင်းအဝိုင်းတွင်းမှ သမ္မတကတိုက်ရိုက်ရွေးချယ်ခြင်းဖြစ်သည်။ အမှုဆောင် အဖွဲ့တွင်ပါဝင် သူများမှာ သမ္မတ၊ ဒုသမ္မတနှင့် ဝန်ကြီးချုပ် ဦးဆောင်သောဝန်ကြီးများကောင်စီ (ကက်ဘိနက်

သည် ထိုအဖွဲ့အတွင်းမှ အမှုဆောင်ကော်မတီဖြစ်သည်) ဖြစ်သည်။ ဝန်ကြီးဌာနတစ်ခုကို အုပ်ချုပ်သော မည်သည့်ဝန်ကြီးမဆို ပါလီမန် ၂ ခုအတွင်း တစ်ခုခုမှ အမတ်ဖြစ်ရမည်ဖြစ်သည်။ အိန္ဒိယ ပါလီမန်စနစ်တွင် အမှုဆောင်သည် ဥပဒေပြုအဖွဲ့၏လက်အောက်ခံဖြစ်ပြီး ဝန်ကြီးချုပ်နှင့် သူ၏ကောင်စီသည် အောက်လွှတ်တော်အတွက် တိုက်ရိုက်တာဝန်ရှိသည်။

## စီးပွားရေး

၁၁။ စိုက်ပျိုးရေးသည် နိုင်ငံ၏အဓိကလုပ်ငန်းဖြစ်သော်လည်း များပြားသောလူဦးရေ၏ စားဝတ်နေရေးဖူလုံစေရန် အိန္ဒိယနိုင်ငံသည် စက်မှုနိုင်ငံအဖြစ်သို့ အရှိန်ကောင်းကောင်းဖြင့် ချီတက်လျက်ရှိသည်။ ကျောက်မီးသွေးနှင့် သံအထွက်ကောင်းခြင်းသည် စက်မှုလုပ်ငန်းများ အတွက် များစွာအထောက်အပံ့ရသည်။ မြစ်ကြီးမြစ်ငယ်များပေါမျာသဖြင့် ရေအားလျှပ်စစ် ရရှိနိုင်သည်။ သို့သော် အိန္ဒိယသည် ရနိုင်သောရေအားလျှပ်စစ်၏ သုံးရာခိုင်နှုန်းကိုသာ အသုံးပြု နိုင်သေး၍ လွတ်လပ်ရေးမရမီခေတ်ကပင် ကာလကတ္တားမြို့အနီးရှိ ဂျမ္မရှက်ဒပူမြို့ရှိ အမျိုးသားပိုင် “တာတာ”သံနှင့်သံမဏိလုပ်ငန်းကြီးသည် ကမ္ဘာ့အကြီးဆုံးစက်မှုလုပ်ငန်းကြီးများတွင် ပါဝင်ခဲ့ ၍ ယခုအခါ သံမဏိစက်ရုံကြီး ၆ခုရှိသည်။ အိန္ဒိယ၏စက်မှုလက်မှုလုပ်ငန်းများတွင် အထည် အလိပ်ယက်လုပ်သောလုပ်ငန်းသည် အကြီးကျယ်ဆုံးဖြစ်သည်။ ဂုံလျှော်စက်ရုံကြီးများ၊ သကြား၊ သားရေနှင့် ရော်ဘာအထည်ပစ္စည်းများ၊ ဆေးလိပ်လုပ်ငန်း၊ ဟင်းသီးဟင်းရွက်ဆီကြိတ် လုပ်ငန်း၊ လက်ဖက်ခြောက်လုပ်ငန်း၊ စက္ကူလုပ်ငန်းစသည်တို့ကို စက်ရုံများ၌လည်းကောင်း၊ အိမ်တွင်းမှုလုပ်ငန်းအဖြစ်လည်းကောင်း လုပ်ကိုင်ကြသည်။ ဝန်လေးစက်ပစ္စည်းများဖြစ်သော မီးရထားစက်ခေါင်းနှင့် တွဲများထုတ်လုပ်ခြင်း၊ လေယာဉ်ပျံ၊ မော်တော်ကား၊ စက်ဘီးစသည် တို့ကို နိုင်ငံအတွင်းတပ်ဆင်ထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့်ဓါတုဗေဒပစ္စည်းများ၊ ဘိလပ်မြေထုတ်လုပ် ခြင်း၊ လူသုံးပစ္စည်းနှင့် စားသောက်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်ခြင်းများဆောင်ရွက်လျက် ရှိသည်။ အိန္ဒိယနိုင်ငံသည် ဆော့ဖ်ဝဲလ်နည်းပညာထွန်းကားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဘန်ဂလိုးမြို့မှာ အိန္ဒိယ၏ ဆော့ဖ်ဝဲလ်ထုတ်ကုန်များထုတ်လုပ်ရာ အာရှ၏စီလီကွန်တောင်ကြား ဟုနာမည်ကြီးသည်။

၁၂။ အိန္ဒိယနိုင်ငံသည် ၂၀၁၅ခုနှစ်စာရင်းဇယားများအရ စုစုပေါင်းဂျီဒီပီတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂.၁၈၂ ထရီလီယံဖြစ်သည်။ တစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁,၆၈၈ ဖြစ် သည်။

## လူဦးရေနှင့်ပျံ့နှံ့နေထိုင်မှု

၁၃။ အိန္ဒိယနိုင်ငံသည် ၂၀၁၅ခုနှစ်စာရင်းများအရ လူဦးရေ ၁,၂၇၆,၂၆၇,၀၀၀ (၁.၂၇ ဘီလီယံ) ရှိပြီး ကမ္ဘာပေါ်တွင် ဒုတိယလူဦးရေအသိပ်သည်းဆုံးသောနိုင်ငံဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ ၁၇.၃၁ ရာခိုင်နှုန်းဖြစ်ပြီး ကမ္ဘာ့လူဦးရေ ၆ဦးတွင် ၁ဦးမှာ အိန္ဒိယတွင်နေထိုင်သည်ဟုဆိုလိုခြင်း

ဖြစ်သည်။ လူဦးရေတိုးတက်မှုနှုန်းမှာ ၁.၅၈ ရာခိုင်နှုန်းဖြစ်ပြီး လာမည့်၂၀၃၀ခုနှစ်တွင် လူဦးရေ ၁.၅၃ ဘီလီယံရှိမည်ဟု ကြိုတင်ခန့်မှန်းထားကြသည်။ စုစုပေါင်းလူဦးရေ၏ ၆၂၃,၇၀၀,၀၀၀ (၆၂၃.၇သန်း)မှာ အမျိုးသားဦးရေဖြစ်ပြီး ၅၈၆,၅၀၀,၀၀၀(၅၈၆.၅သန်း)မှာ အမျိုးသမီးဦးရေ ဖြစ်သည်။ ကျားမအချိုးမှာ အမျိုးသားဦးရေ ၁၀၀၀လျှင် မိန်းမ ၉၄၀ဦးဖြစ်သည်။

၁၄။ လက်ရှိလူဦးရေ၏၅၀ရာခိုင်နှုန်းကျော်မှာ အသက်၂၅နှစ်အောက်ဖြစ်ပြီး ၆၅ရာခိုင်နှုန်း ကျော်မှာ ၃၅နှစ်အောက်များဖြစ်သည်။ လူဦးရေ၏ ၇၂.၂ ရာခိုင်နှုန်းမှာ ကျေးရွာပေါင်း ၆၃၈,၀၀၀ ရှိသည့် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး ၂၇.၈ ရာခိုင်နှုန်းမှာ မြို့ပေါင်း ၅၄၈၀ ရှိသည့် မြို့ပြဒေသများတွင် နေထိုင်ကြသည်။ မွေးဖွားနှုန်းမှာ ၂၀၀၉ခုနှစ်စာရင်းများအရ လူတစ်ထောင် လျှင် ၂၂.၂၂ ဦးဖြစ်ပြီး သေဆုံးနှုန်းမှာ လူတစ်ထောင်လျှင် ၆.၄ဦးဖြစ်သည်။

## လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

၁၅။ အိန္ဒိယနိုင်ငံသည် အာရှတိုက်တွင် လူမျိုးစုအများဆုံးနှင့် ဘာသာအယူဝါဒပေါင်းစုံနေ ထိုင်ကြသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ မြို့တော်မှာ နယူးဒေလီဖြစ်ပြီး အကြီးဆုံး မြို့မှာမွမ်ဘိုင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် အယူဝါဒကြီး သုံးရပ်ထွန်းကားခဲ့သည်။ဟိန္ဒူ၊ ဗုဒ္ဓနှင့် အစ္စလာမ်အယူဝါဒတို့ဖြစ်သည်။ ယခုအခါတွင် ဟိန္ဒူအယူဝါဒသည် ၈၅ရာခိုင်နှုန်းခံယူကိုးကွယ် သောအယူဝါဒကြီးဖြစ်နေ၍ အစ္စလာမ်အယူဝါဒီများသည် ၁၀ရာခိုင်နှုန်း၊ ဗုဒ္ဓဝါဒီများမှာ နိုင်ငံ၏ လူဦးရေနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးလှသည်။ အခြားအယူဝါဒတို့မှာ ခရစ်ယာန် (၁.၃၅) ရာခိုင်နှုန်း၊ ဆစ်(၁.၇၄)ရာခိုင်နှုန်း၊ဂျိန်း၊ဖါရစီ၊ရဟူဒီ စသည်တို့ဖြစ်ကြသည်။

## မြန်မာ-အိန္ဒိယဆက်ဆံရေး

၁၆။ အိန္ဒိယနှင့် မြန်မာတို့၏ဆက်ဆံရေးသည် ကာလကြာမြင့်လှပြီဖြစ်သည်။ ဟိန္ဒူယဉ်ကျေးမှု နှင့်ဘာသာရေးဆိုင်ရာအတွေးအခေါ်များသည် နှစ်နိုင်ငံကြား ကူးလူးဆက်နွယ်လျက်ရှိသည်။ ၁၈၈၆ ခုနှစ်မှစတင်ကာ မြန်မာဘုရင်နိုင်ငံကျဆုံးပြီးနောက် မြန်မာနိုင်ငံသည် ဗြိတိသျှ အင်ပါယာလက်အောက်ခံ အိန္ဒိယနိုင်ငံအတွင်းသို့ သွတ်သွင်းခြင်းခံခဲ့ရသည်။ ထို့အပြင် ဗြိတိသျှ တို့အားတော်လှန်သော ဆူဘတ်ချန်ဒရာဘို့စ်၏ အိန္ဒိယအမျိုးသားတပ်မတော်သည် ဂျပန် လက်အောက်ခံ ဒေါက်တာဘမော်အစိုးရလက်ထက်တွင် ရန်ကုန်မြို့တွင် အခြေစိုက်ခဲ့သည်။

၁၇။ ၁၉၈၇ ခုနှစ်တွင် အိန္ဒိယဝန်ကြီးချုပ်ရာဂျစ်ဂန္ဒီသည် မြန်မာနိုင်ငံသို့လာရောက်လည်ပတ် ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ဝန်ကြီးချုပ်ဘာ့ချ်ပါယီး ထပ်မံလာရောက်ခဲ့သည်။ တရုတ်နိုင်ငံ၏ အရှေ့တောင်အာရှဒေသတွင်းလွှမ်းမိုးမှုကြောင့် အိန္ဒိယသည် အရှေ့မျှော်လမ်းစဉ်ကိုချမှတ်ကာ

မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် ၁၀ စုနှစ် နှစ်ခုအတွင်း ဆက်ဆံရေးတိုးမြှင့်ခဲ့သည်။

၁၈။ အိန္ဒိယသည် မြန်မာ့ပို့ကုန်များအတွက် ကြီးမားသောဈေးကွက်တစ်ခုဖြစ်ပါသည်။ အိန္ဒိယသည်မြန်မာနိုင်ငံ၏ စတုတ္ထအကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံဖြစ်ပါသည်။ အိန္ဒိယအစိုးရသည် မြန်မာနိုင်ငံနှင့် လေကြောင်း၊ ရေကြောင်းပို့ဆောင်ရေး၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ ဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းရေးလုပ်ငန်းများတွင် စတင်ရင်းနှီးမြှုပ်နှံဆောင်ရွက်လျှက်ရှိသည်။ ၁၉၉၄ ခုနှစ်မှ စတင်ကာ မဏိပူရ်၊ မီဇိုရမ် နှင့် နာဂလန်းနယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်ရေးစတင်ခဲ့သည်။

၁၉။ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက်နေ့တွင် ၂၅၀ကီလိုမီတာရှည်သော တမူး-ကလေး-ကလေးဝ အဝေးပြေးလမ်းကိုဖွင့်လှစ်ခဲ့ကာ ၄င်းလမ်းကို အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမဟု အမည်ပေးခဲ့သည်။ ၄င်းလမ်းမအား အိန္ဒိယတပ်မတော်အင်ဂျင်နီယာများမှ ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလတွင် အိန္ဒိယ-မြန်မာ-ထိုင်းချစ်ကြည်ရေးလမ်းမအား ဖောက်လုပ်ရန်သဘောတူညီခဲ့ကြပြီး ထိုလမ်းမကြီးသည် အိန္ဒိယနိုင်ငံ၊ ဂူရာဝါတီမှစတင်ပြီး မြန်မာနိုင်ငံ၊ မန္တလေး၊ ရန်ကုန်တို့မှတစ်ဆင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ ဆက်သွယ်ထားသော လမ်းမကြီးဖြစ်ပါသည်။ ထို့အပြင် အိန္ဒိယ-မြန်မာနိုင်ငံများကြား အရေးပါသော ကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာမည့် ကုလားတန်မြစ်ကြောင်းဘက်စုံပို့ဆောင်ရေး စီမံကိန်းအား ၂၀၁၄ ခုနှစ်တွင် စတင်အကောင်ထည်ဖော်ခဲ့ကာ ၂၀၁၆ ခုနှစ်အတွင်း စတင်ဖွင့်လှစ်နိုင်မည်ဟုသိရှိရပါသည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအမေရိကန်ဒေါ်လာ ၅၀၀သန်းခန့်အား ပေးအပ်ခဲ့သည်။ နှစ်နိုင်ငံတပ်မတော်များ ပူးပေါင်းဆောင်ရွက်မှုများစွာရှိခဲ့ပြီး အိန္ဒိယ-မြန်မာနယ်စပ်၊ နာဂလန်းဒေသရှိ အိန္ဒိယအစိုးရအား ပုန်ကန်လျက်ရှိသော မီဇိုရမ်သူပုန်များအားနှိမ်နင်းရေးတွင် နှစ်နိုင်ငံတပ်မတော် များကြားပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါသည်။

## အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E Sushma Swaraj ၏ကိုယ်ရေးအကျဉ်း



၁၉၅၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မွေးဖွားခဲ့ကာ Sanatam Dharma ကောလိပ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ ၊ ပန်ဂျပ်တက္ကသိုလ်မှ ဥပဒေဘွဲ့များရရှိခဲ့ပါသည်။ အိန္ဒိယတရားလွှတ်တော်ချုပ်တွင် အလုပ်သင်အဖြစ်စတင်ထမ်းဆောင်ခဲ့သည်။ ၁၉၇၇ ခုနှစ်၊ အသက် ၂၅ နှစ်အရွယ်တွင် ဟာယာနာပြည်နယ်ဥပဒေပြုအမတ်တစ်ဦးတစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရကာ ၁၉၇၉ ခုနှစ်တွင် ၄င်းကိုယ်စားပြုရာ ဂျာတာနာပါတီ၏ ဟာယာနာပြည်နယ်ပါတီဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ မှ ၁၉၉၀ ပြည့်နှစ်အထိ ဟာယာနာပြည်နယ် ပညာရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ခုနှစ်တွင် ဒေလီမြို့တော်၏ ပထမဆုံးအမျိုးသမီး Chief Minister အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၃ခုနှစ်အထိ ပြန်ကြားရေးဝန်ကြီး၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ကျန်းမာရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၁၄ခုနှစ်၊ မေလ ၂၆ ရက်နေ့မှစတင်ကာ ပြည်ပရေးရာဝန်ကြီးတာဝန်အား စတင်ထမ်းဆောင်ခဲ့သည်။